ကလေးများဖတ်ဖို့
ဇာတ်လမ်းများ

mgyoe.com



# စင်ဒရဲလား

တီချယ်လှိုင် - မြန်မာပြန်

# Cinderella

By Madeleine Francis
Illustrated by Laura Vila

mgyoe.com



mgyoe.com

AH0058
800.00 KS

mgyoe.com

ဝင်အရဲလား၊ တီချယ်လှိုင်
အပြင်အဆင်-အပ်အက်စ်အို၊ တချက်နှာ ၂၀ မျက်နှာ၊ ၂၁ စင်တီ× ၃၀ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စင်ဒရဲလား
# CINDERELLA

တီချယ်လှိုင်
ပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# စင်ဒရဲလား

**တီချယ်လှိုင်**

ပြန်ဆိုသည်

mgyoe.com


mgyoe.com



ရှေးရှေးတုန်းက စင်ဒရဲလားလို့အမည်ရှိတဲ့ မိန်းကလေးတစ်ယောက် ရှိသတဲ့။ သူမက မိထွေးဖြစ်သူနဲ့ မိထွေးရဲ့ သမီးတွေနဲ့အတူ နေရရှာတယ်။ သူတို့အားလုံးက စင်ဒရဲလားလေးကို နှိပ်စက်ကြတယ်။ ပြီးတော့ ရှိသမျှ အိမ်အလုပ်တွေ အကုန်လုပ်ခိုင်းတယ်။



mgyoe.com




သူမရဲ့မိဘတွေရှိတုန်းက စင်ဒရဲလားလေးရဲ့ဘဝမှာ အစဉ်အမြဲ ဘာအခက်အခဲမှ မရှိခဲ့ပါဘူး။ သူမရဲ့မိခင် ကွယ်လွန်တော့ ဖခင်ဖြစ်သူက နောက်အိမ်ထောင်ပြုလိုက်တယ်။ သူမရဲ့ လက်ရှိမိထွေးနဲ့ပေါ့။ သူမရဲ့ ဖခင် ဆုံးပါးသွားတဲ့အခါ စင်ဒရဲလားလေးဟာ မိထွေးဖြစ်သူနဲ့ မိထွေးဘက်က ပါလာတဲ့ သမီးတွေနဲ့အတူ နေရရှာတာပေါ့။ မိထွေးနဲ့ သူ့ရဲ့သမီးတွေက စင်ဒရဲလားလေးကို အစေခံ လုပ်ခိုင်းကြတယ်။



mgyoe.com

mgyoe.com



တစ်နေ့မှာ ဘုရင့်နန်းတော်က သံတော်ဆင့်တစ်ယောက် ရောက်လာတယ်။ သံတော်ဆင့်က ခုလိုပြောပြတယ်။

''ဘုရင်ကြီးက သားတော် အိမ်ရှေ့စံအတွက် သတို့သမီးရှာပုံတော် ဖွင့်ခိုင်းလိုက်တယ်။ ပြီးတော့ ဘုရင်ကြီးက နန်းတော်မှာ ကပွဲသဘင်ကျင်းပဖို့ တိုင်းပြည်ထဲမှာ ရှိသမျှ မိန်းမပျိုတွေအားလုံးကို ဖိတ်ခိုင်းလိုက်တယ်''

''ဒါဖြင့် အစေခံတွေကိုရော ဖိတ်ခိုင်းပါသလားရှင့်'' လို့ စင်ဒရဲလားက သံတော်ဆင့်ကို မေးလိုက်တယ်။

mgyoe.com

mgyoe.com



"အစေခံတွေလည်း ပါတာပေါ့ဗျာ" လို့ သံတော်ဆင့်က ပြန်ဖြေလိုက်တယ်။

သံတော်ဆင့်ပြန်ထွက်သွားတော့ စင်ဒရဲလားက မိထွေးဖြစ်သူကို ခုလို တောင်းတောင်းပန်ပန်နဲ့ ပြောလိုက်တယ်။

"ကျေးဇူးပြုပြီး ကျွန်မကို ကပွဲသဘင် သွားခွင့်ပြုပါနော်"

ဒီအခါ မိထွေးဖြစ်သူက

"အေး ... နင်သွားချင်လည်း သွားလေ" လို့ ပြန်ဖြေတယ်။

ဒါကို မိထွေးရဲ့သမီးတွေက မကျေနပ်လို့ ခုလိုအော်လိုက်ကြတယ်။

"အမေ ဘာလို့ဒီလိုပြောတာလဲ"

"စင်ဒရဲလားက အခြေအနေတစ်ခုကြောင့် ကပွဲကို သွားချင် သွားရနိုင်တယ်" မိထွေးက အခုလိုပြောပြီး စင်ဒရဲလားဘက်ကို လှည့်လိုက်တယ်။ ပြီးတော့ စင်ဒရဲလားကို အခုလိုပြောလိုက်တယ်။

"နင် အရင်ဆုံး အိမ်အလုပ်တွေ ပြီးအောင်လုပ်ရမယ်"

သူမရဲ့မိထွေးက စင်ဒရဲလား လုပ်ရမယ့် အလုပ်စာရင်းစာရွက်ကို ကမ်းပေးလိုက်တယ်။ စာရင်းစာရွက်က ကြမ်းပြင်ပေါ် လွင့်ကျသွားခဲ့တယ်။

"ဒါပေမဲ့ ကပွဲသဘင်က ဒီနေ့ညနော်။ ကျွန်မ ဒီအလုပ်တွေအားလုံး အချိန်မီ ပြီးမှာမဟုတ်ဘူး"

စင်ဒရဲလားရဲ့ပြောစကားကို မိထွေးက ပြုံးပြီး ...

"ဟုတ်တယ်၊ သိပ်မှန်တာပေါ့"

လို့ ပြောလိုက်တော့ မိထွေးရဲ့ သမီးနှစ်ယောက်က ဝိုင်းရယ်ကြတယ်။

mgyoe.com

mgyoe.com



စင်ဒရဲလားဟာ အလုပ်တွေ သွားလုပ်တယ်။ မီးဖိုချောင်ကို သန့်ရှင်းတယ်။ အဝတ်အစားတွေကို ဖာထေး၊ ပြန်ချုပ်တယ်။ တစ်အိမ်လုံးကို ဖုန်တွေ ပြောင်စင်အောင် ခါ၊ လှဲလိုက်တယ်။ သူမက အခြားအလုပ်အမျိုးပေါင်း ၁၀၀ လောက်ကိုပါ လုပ်လိုက်တယ်။

စင်ဒရဲလားဟာ မိထွေးရဲ့သမီးတွေ အင်္ကျီချုပ်ရာမှ ကျန်ခဲ့တဲ့ အဝတ်စလေးတွေကိုစပ်ပြီး သူမ ဝတ်ဖို့ဝတ်စုံလှလှလေးတစ်ထည် ချုပ်လိုက်တယ်။ နောက်ပြီး စင်ဒရဲလားဟာ သူ့အမေ တစ်ချိန်က ဝတ်ခဲ့တဲ့ လည်ဆွဲအဟောင်းလေးကို တွေ့သွားပြီး ကောက်ဆွဲလိုက်တယ်။ အားလုံးဝတ်စားပြင်ဆင်ပြီးသွားတော့ စင်ဒရဲလားလေးဟာ အရမ်းကို လှပသွားပါတော့တယ်။

mgyoe.com

mgyoe.com



စင်ဒရဲလားက နန်းတွင်းကပွဲကိုသွား ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ထိုအချိန် သူမနောက်က စကားသံတစ်သံ ကြား လိုက်ရတယ်။

''ဒါက ဘယ်ကိုသွားမလို့လဲ စင် ဒရဲလား''

သူမရဲ့မိထွေးက နောက်မှာ ရောက် နေပြီး ပြောလိုက်တာပါ။ စင်ဒရဲလား က ပြန်ဖြေလိုက်တယ်။

''ကျွန်မ ကပွဲသဘင်ကိုသွားမှာ လေ''

''ကျွန်မ လုပ်ရမယ့်အိမ်အလုပ်တွေ အားလုံးပြီးသွားရင် သွားနိုင်တယ်လို့ အမေ ပြောခဲ့တယ်လေ''

စင်ဒရဲလားရဲ့မိထွေးက အရမ်း မနာလိုတတ်တဲ့သူပေါ့။ စင်ဒရဲလား ရဲ့အလှအပနဲ့ နှစ်လိုဖွယ်ရှိတဲ့ပုံကို မိထွေးက မနာလိုဖြစ်နေတာပါ။ စင် ဒရဲလားအပေါ် မိထွေးဖြစ်သူရဲ့သမီး တွေက ပိုပြီးမနာလိုဖြစ်ကြတယ်။

သူတို့တွေက စင်ဒရဲလား လည်ပင်း မှာ ဆွဲထားတဲ့ လည်ဆွဲကို ဆွဲဖြုတ် လိုက်ကြတယ်။ ပြီးတော့ စင်ဒရဲလား ရဲ့ လှပတဲ့ဝတ်စုံကိုလည်း တစ်စစီ ဖြစ်အောင် ဆွဲဖြဲပစ်လိုက်ကြတယ်။

''ကျွန်မရဲ့ လှပတဲ့ဝတ်စုံလေး တော့ သွားပါပြီရှင်''

လို့ပြောရင်း စင်ဒရဲလားက ဝမ်း နည်းစွာ ငိုကြွေးတယ်။

''ကဲ ... လာကြဟေ့ သမီးတို့၊ တို့တွေ ကပွဲသဘင်ဆီကို သွားကြ ရအောင်''

စင်ဒရဲလားမိထွေးက သူ့သမီး နှစ် ယောက်ကို ခုလိုပြောလိုက်ပြီး သူတို့ အားလုံး ထွက်သွားခဲ့ကြတယ်။

mgyoe.com

mgyoe.com



"သူတို့ ဘာကြောင့် ဒီလောက်ထိ ရက်စက်ယုတ်မာကြတာလဲ"

စင်ဒရဲလားတစ်ယောက် စဉ်းစားလို့မရအောင်ဖြစ်နေတယ်။ ထိုအချိန်မှာ ရုတ်တရက် နတ်သမီးတစ်ပါး ပေါ်လာတယ်။

"သင်က ဘယ်သူလဲဟင်"

စင်ဒရဲလားက အံ့ဩစွာ မေးလိုက်တယ်။

နတ်သမီးက စင်ဒရဲလားကို ရှင်းပြတယ်။

"ကျွန်ုပ်က သင့်မိခင် နတ်သမီးပါ။ ကျွန်ုပ် သင့်ကို ကူညီစောင့်ရှောက်ပေးဖို့ ဒီကို ရောက်လာတာပါ ... စင်ဒရဲလားရယ်"

"ကူညီလည်း သိပ်မထူးတော့ပါဘူးကွယ်။ ကျွန်မ အခုကပွဲသဘင်ကို မသွားနိုင်တော့ပါဘူး။ ကျွန်မပုံကိုလည်း ကြည့်ပါဦး"

စင်ဒရဲလားက စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်တော့ နတ်သမီးက အခုလို ပြောပြတယ်။

"ဒါကို စိတ်မပူပါနဲ့ စင်ဒရဲလား၊ ကျွန်ုပ်ရဲ့တောင်ဝှေးကို ဝှေ့လိုက်တာနဲ့ သင့်ကိုယ်ပေါ်မှာ အလှဆုံးအဝတ်အစားတွေ ရောက်လာလိမ့်မယ်။ အခု သင် ကပွဲကိုသွားဖို့ အပြင်မှာ မြင်းရထားတစ်စင်း စောင့်နေတယ်"



mgyoe.com



မိခင်နတ်သမီးရဲ့ အကူအညီနဲ့ စင်ဒရဲလားလေးဟာ ကပွဲကိုရောက်သွားတယ်။ ကပွဲမှာ စင်ဒရဲလားကို အိမ်ရှေ့စံက တွေ့သွားပြီး ဒီမိန်းကလေးက သူလက်ထပ်ချင်တဲ့ မိန်းကလေးပဲလို့ ချက်ချင်းသိလိုက်သတဲ့။

ဒီလိုနဲ့ အိမ်ရှေ့စံမင်းသားလေးနဲ့ စင်ဒရဲလားတို့နှစ်ဦးဟာ သက်ဆုံးတိုင် ပျော်ရွှင်စွာ အတူနေထိုင်သွားကြသတဲ့။ ။

mgyoe.com